# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်
## အမှတ်စဉ် (၄/၂၀၁၈)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ်(၄/၂၀၁၈)ကို ၂၀၁၈ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီး ဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၈)တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၃) ခု ခွင့်ပြုခဲ့ပြီး လုပ်ငန်း (၂)ခုကို အတည်ပြုခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြုခဲ့သည့် လုပ်ငန်း(၈)ခု၊ နှင့် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြုပေးခဲ့သည့်လုပ်ငန်း (၁)ခု နှင့် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြုပေးခဲ့သည့်လုပ်ငန်း (၂)ခု ရှိသဖြင့် ယခုအစည်းအဝေးကာလတွင် စုစုပေါင်း လုပ်ငန်း (၁၆) ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၂၆၈.၅၃၇)သန်းကို ခွင့်ပြု/အတည်ပြုပေးခဲ့ပြီး အဆိုပါ လုပ်ငန်းများမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း ပေါင်း (၅,၄၂၇)ခုကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/ အတည်ပြု လုပ်ငန်း(၁၆)ခုမှာ စက်မှုကဏ္ဍ လုပ်ငန်း (၁၀) ခု၊ အခြားဝန်ဆောင်မှုကဏ္ဍ (၂)ခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ (၁)ခု၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ(၂)ခု နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ(၁) ခုတို့ ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/အတည်ပြုပေးခဲ့မှုမှာ၂၀၁၈ ခုနှစ် မတ်လအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၂၂၂)ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ (၄,၇၇၆.၉၉၀)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၅,၇၁၇.၀၉၆)သန်း ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အတွင်း အထူးစီးပွားရေးဇုန် ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၃၉၈.၃၈၀) သန်း ခွင့်ပြုခဲ့သဖြင့် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၆,၁၁၅.၄၇၆)သန်း ဖြစ်ပါ သည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၄) ခု ခွင့်ပြုခဲ့ပြီး ခွင့်ပြုခဲ့ပြီး လုပ်ငန်း(၅) ခုကို အတည်ပြုခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြုပေးခဲ့ သည့် လုပ်ငန်း (၅)ခု၊ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြုပေးခဲ့သည့် လုပ်ငန်း (၂)ခု၊မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြုပေးခဲ့သည့်လုပ်ငန်း(၁)ခုနှင့် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြု ပေးခဲ့သည့် လုပ်ငန်း (၁) ခုရှိသဖြင့် စုစုပေါင်း လုပ်ငန်း(၁၈)ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၈၀.၈၅၂) သန်း အပါအဝင် ကျပ် (၃၁၉,၇၇၃.၅၂၀) သန်း ခွင့်ပြု/ အတည်ပြု ပေးခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၅,၇၅၇)ခုကို ဖန်တီးပေးမည် ဖြစ်ပါသည်။ ခွင့်ပြု/အတည်ပြုလုပ်ငန်း(၁၈)ခုမှာ အိမ်ယာ အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ (၁)ခု၊ ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးကဏ္ဍ (၁)ခု၊ အခြား ဝန်ဆောင်မှု ကဏ္ဍ (၄) ခု၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ(၂)ခု၊ စက်မှုဇုန်တည်ဆောက်မှု ကဏ္ဍ (၁)ခု ၊ စက်မှုကဏ္ဍ (၈)ခု နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ(၁)ခုတို့ ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၈ ခုနှစ် မတ်လအထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၁၁၉)ခု၊ အမေရိကန် ဒေါ်လာ (၁,၀၄၁.၄၄၆) သန်း အပါအဝင် ကျပ်(၃,၅၈၂,၃၄၃.၃၅၈) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁,၁၆၈.၃၅၃) သန်း အပါအဝင် ကျပ် (၃,၉၇၈,၀၉၅.၁၂၈)သန်း ခွင့်ပြုပြီးဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm